# ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်
# နိုင်ငံတော်ကောင်စီ
# မြန်မာစာအဖွဲ့ ဥပဒေ
## [၁၉၇၅ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဥပဒေအမှတ် ၁၁]
## ရန်ကုန်မြို့၊ ၁၃၃၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၀ ရက်။
## (၁၉၇၅ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်။)

[ ပြင်ဆင် : 10.11.1981, 14.09.1989 ]

အောက်ဖော်ပြပါဥပဒေကို ထုတ်ပြန်ကြေညာသည်။

နိဒါန်း

မြန်မာစာရေးသားရာတွင် မြန်မာဗျည်း သရအက္ခရာ၊ မြန်မာဝေါဟာရတို့၏ စာလုံးပေါင်း သတ်ပုံ၊ အနက်အဓိပ္ပာယ်၊ အသံထွက်၊ သဒ္ဒါနှင့်ဝါကျဖွဲ့ထုံးတို့ ထုံးမီစံမျှ မှန်ကန်တိကျရေး၊ အခွန့်ရှည်စွာ တည်တံ့ရေးနှင့် မြန်မာစာ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ပိုမိုထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် ပြည်သူ့လွှတ်တော်သည် အောက်ပါဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

### အခန်း(၁)
### အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **မြန်မာစာအဖွဲ့ ဥပဒေ** ဟုခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အဖွဲ့ဆိုသည်မှာ ဗဟိုတွင် ဖွဲ့စည်းထားသော မြန်မာစာအဖွဲ့ကိုဆိုသည်။

### အခန်း(၂)
### ဖွဲ့စည်းခြင်းနှင့် ရည်ရွယ်ချက်

၃။ (က) ဝန်ကြီးအဖွဲ့သည်-

(၁) နိုင်ငံတော်ကောင်စီ၏ သဘောတူညီချက်ဖြင့် အဖွဲ့ကို သင့်လျော်သော နိုင်ငံသားများဖြင့် ဖွဲ့စည်းရ မည်၊

(၂) အဖွဲ့ဝင် ဦးရေကို နိုင်ငံတော်ကောင်စီက သတ်မှတ်ပေးသည့်အတိုင်း ထားရှိရမည်၊

(၃) အဖွဲ့၏ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား နိုင်ငံတော်ကောင်စီက အခါအားလျော်စွာ သတ်မှတ်ပေးသည့် ရပိုင်ခွင့်များကို ခံစားခွင့်ပြုရမည်၊

(၄) ပယ်ဖျက်

(၅) ပယ်ဖျက်

(၆) ပယ်ဖျက်



Myanmar Law Information System (MLIS)

(၇) ပယ်ဖျက်

(၈) ပယ်ဖျက်

(၉) ပယ်ဖျက်

(၁၀) ပယ်ဖျက်

(၁၁) ပယ်ဖျက်

(၁၂) ပယ်ဖျက်

(၁၃) ပယ်ဖျက်

(၁၄) ပယ်ဖျက်

(ခ) အဖွဲ့သည်-

(၁) ပညာရေးဝန်ကြီးဌာနကို တာဝန်ခံရမည်၊

(၂) လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန် လိုအပ်သောရုံးကို ဖွဲ့စည်းထားရှိရမည်။

(ဂ) ပယ်ဖျက်

(ဃ) ပယ်ဖျက်

<ပြင်ဆင် 10.11.1981>

၄။ အဖွဲ့ကိုအောက်ပါ ရည်ရွယ်ချက်များနှင့် ဖွဲ့စည်းထားရှိသည်-

(က) မြန်မာဗျည်းသရအက္ခရာ၊ မြန်မာဝေါဟာရတို့၏ စာလုံးပေါင်းသတ်ပုံ၊ အနက်အဓိပ္ပာယ်၊ အသံ ထွက်၊ သဒ္ဒါနှင့် ဝါကျဖွဲ့ထုံးတို့ ထုံးမီစံမျှ မှန်ကန်တိကျစေရန်နှင့် အစွန့်ရှည်စွာ တည်တံ့စေရန်၊

(ခ) မြန်မာစာ ဖွံ့ဖြိုးတိုးတက်စေရန်။

## အခန်း(၃)

## အဖွဲ့၏တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၅။ အဖွဲ့၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဝေါဟာရပြည့်စုံသော၊ စာလုံးပေါင်း သတ်ပုံအရာ၌ ထုံးမီစံမျှဖြစ်သော၊ အနက်အဓိပ္ပာယ်မှန်ကန်တိ ကျသော အကိုးအထောက် ခိုင်မာစုံလင်သော၊ ခေတ်မီစနစ်ကျသော မြန်မာအဘိဓာန်ကျမ်းများ ပြုစုခြင်း၊

(ခ) မြန်မာစာအရေးအသား မှန်ကန်မှု၊ ရှင်းလင်းမှု၊ ကျစ်လစ်မှု၊ ထိမိမှုကို အထောက်အကူဖြစ်စေနိုင် မည့် မြန်မာသဒ္ဒါကျမ်းများ ပြုစုခြင်း။

၆။ အဖွဲ့၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) လိုအပ်သောအဖွဲ့များဖွဲ့စည်း၍ ဆောင်ရွက်ခြင်း၊

(ခ) နိုင်ငံတော်၏အဖွဲ့အစည်းများ၊ အခြားအဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များနှင့် ပူးပေါင်း၍ လုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဂ) ပုဂ္ဂလိကပိုင် စာအုပ်များ၊ စာမူများကို လိုအပ်သည့်အခါ မူပိုင်ဝယ်ယူ၍ အသုံးပြုခြင်း၊

Myanmar Law Information System (MLIS)

(ဃ) မည်သူ့အားမဆို သင့်လျော်သည့် ဥာဏ်ပူဇော်ခ ချီးမြှင့်၍ စာအုပ်စာတမ်း ပြုစုစေခြင်း၊

(င) အဖွဲ့၏ရည်ရွယ်ချက်များ ထမြောက်အောင်မြင်စေခြင်းငှာ ဝန်ကြီးအဖွဲ့က လိုအပ်သလို အပ်နှင်း သော အခြားလုပ်ပိုင်ခွင့်များကို ဆောင်ရွက်ခြင်း။

<ပြင်ဆင် 14.09.1989>

၇။ အဖွဲ့က ပြုစုထုတ်ဝေသော စာအုပ်စာတမ်းများသည် နိုင်ငံတော်၏ မူပိုင်ဖြစ်သည်။

## အခန်း(၄)

## အဖွဲ့၏ ဘဏ္ဍာရေးစည်းကမ်း

၈။ အဖွဲ့၏ဝင်ငွေ၊ ထွက်ငွေများနှင့် စပ်လျဉ်း၍ ရ-သုံးခန့်မှန်းခြေငွေစာရင်းကို ပညာရေးဝန်ကြီးဌာနသို့ တင်သွင်းရမည်။

၉။ အဖွဲ့သည် ဝန်ကြီးအဖွဲ့က အခါအားလျော်စွာ ထုတ်ပြန်သည့် ဘဏ္ဍာရေးစည်းမျဉ်းများကို လိုက်နာ ကျင့်သုံးရမည်။

## အခန်း(၅)

## အထွေထွေ

၁၀။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ထမြောက်အောင်မြင်စွာဆောင်ရွက်နိုင်ရန်အလို့ငှာ လိုအပ်သည့် စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ဝန်ကြီးအဖွဲ့ ကလိုအပ်သလို ထုတ်ပြန်နိုင်သည်။

၁၁။ (က) ၁၉၇၁ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ မြန်မာစာကော်မီရှင်ဥပဒေကို ဤဥပဒေဖြင့် ရုပ်သိမ်း လိုက်သည်၊

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံ မြန်မာစာကော်မီရှင်သည် မြန်မာစာအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်ပြီးသည် အထိ ၁၉၇၁ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ မြန်မာစာကော်မီရှင်ဥပဒေ အတည်ဖြစ်နေဘိသကဲ့သို့ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရမည်၊

(ဂ) ပြည်ထောင်စုမြန်မာနိုင်ငံ မြန်မာစာကော်မီရှင်၏ ရပိုင်ခွင့်၊ ကြွေးမြီတာဝန်နှင့် လုပ်ငန်းများကို ဤဥပဒေအရ ဖွဲ့စည်းသော မြန်မာစာအဖွဲ့က ဆက်ခံရမည်။

(ပုံ)စန်းယု၊
ဥက္ကဋ္ဌ(ကိုယ်စား)၊
နိုင်ငံတော်ကောင်စီ၊
(ဗိုလ်ချုပ်ကြီးစန်းယု၊ အတွင်းရေးမှူး၊ နိုင်ငံတော်ကောင်စီ)။

ရန်ကုန်မြို့၊ ၁၃၃၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၀ ရက်။
(၁၉၇၅ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်။)

Myanmar Law Information System (MLIS)

အမိန့်အရ၊

(ပုံ)မြကျော်၊

ညွှန်ကြားရေးမှူးချုပ်၊

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်၊

နိုင်ငံတော်ကောင်စီရုံး။

Myanmar Law Information System (MLIS)